**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# Burma's Weekly Political News Summary
# (085/2011)
# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ်
# (၀၈၅/၂၀၁၁)

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ (၀၄) ရက်နေ့မှ ၂၀၁၁ ခုနှစ် စက်တင်ဘာလ (၁၀) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တရပ်ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီး ယင်းကော်မရှင်တွင် အငြိမ်းစား သံအမတ် ဦးဝင်းမြမှ ဦးဆောင်ကာ အခြားသံအမတ်များ၊ အငြိမ်းစား အစိုးရအရာရှိများ၊ ပညာရပ်ဆိုင်ရာ အငြိမ်းစားတက္ကသိုလ် ပါမောက္ခများ ပါဝင်သည်ဟု စက်တင်ဘာ ၆ ရက်နေ့ အစိုးရ သတင်းစာများတွင် ဖော်ပြထားသည်။ (BBC 060911) Read More...
- အစိုးရနှင့် ပဋိပက္ခဖြစ်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အမျိုးမျိုးတောင်းဆိုပြီး မရိုးမသားအခွင့်အရေး များယူနေသည်ဟု အစိုးရပြောခွင့်ရပုဂ္ဂိုလ် ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ထပ်မံ ပြောဆိုခဲ့သည်ဟု မြေပုံမြို့နယ်အမတ် ဦးဖေသန်းက ပြောသည်။ (DVB 060911) Read More...
- လက်ရှိအစိုးရသစ်၏ ပြည်ထောင်စု အင်္ဂါစဉ်တွင် ပြည်နယ်ဝန်ကြီးချုပ်များက အဆင့် ၁၇ လောက်ရှိပြီး စစ်တိုင်းမှူးများက အဆင့် ၃၄ မှာရှိသည်ဟု ဇူလိုင်လ ၉ ရက်နေ့က မြန်မာ့အလင်းသတင်းစာ အင်္ဂလိပ်ပိုင်းပါ သတင်းကို ကိုးကား၍ အမည်မဖော်လို သည့် ပြည်နယ်အစိုးရနှင့် နီးစပ်သည့် ပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ (S.H.A.N 070911) Read More...
- တိုင်းပြည်တွင် တည်ရှိနေသမျှ ပြဿနာအားလုံးကို အဆောတလျင် ဖြေရှင်းရမည့် ပြဿနာများ ချည်းဖြစ်ပြီး တစ်ခုနှင့် တစ်ခု ဆက်နွယ်နေသည်ဟု သမ္မတ၏ နိုင်ငံရေးအကြံပေး အဖွဲ့ခေါင်းဆောင် ဦးကိုကိုလှိုင်က ပြောကြားလိုက်သည်။ (Mizzima 080911) Read More...
- မြန်မာနိုင်ငံတွင် စာပေစိစစ်ရေး၏ အခန်းကဏ္ဍသည် လိုအပ်နေဆဲဖြစ်ပြီး မီဒီယာလွတ်လပ်ခွင့် မပေးနိုင်သေးဟု စက်တင်ဘာလ ၇ ရက်နေ့က ပြည်ထောင်စု အောက်လွှတ်တော် အစည်းအဝေးတွင် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဦးကျော်ဆန်းက ပြောကြား လိုက်သည်။ (Mizzima 080911) Read More..., Irrawaddy, RFA...

## ကြံ့ဖွံ့ပါတီ

- မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကော်မတီတွင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ကော်မတီ ဝင်အဖြစ် ထည့်သွင်းရန် အကြံပြုမှုကို ဗိုလ်မှူးကြီးဟောင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အမတ် ဦးလှဆွေက လိုလားမှုမရှိဟု စက်တင်ဘာ ၆ ရက်နေ့က အထက်လွှတ်တော် ဆွေးနွေးမှုတွင် ထည့်သွင်းပြော ကြားသွားကြောင်း လွှတ်တော် အမတ်များက ပြောသည်။ (Mizzima 060911) Read More..., DVB...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ချင်းပြည်နယ် ထန်တလန်မြို့နယ် ဒေါန်ကျေးရွာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး USDP ပါတီဝင်များသည် ဒေသခံပြည်သူများအား လှည့်စားပြီး ကျေးရွာရွေးကောက်ပွဲကျင်းပကာ ၎င်းတို့ပါတီဝင်ကို ကျေးရွာအုပ်ချုပ်ရေးမှူး အဖြစ်ရွေးချယ်လိုက်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (Khonumthung 080911) Read More...

## တပ်မတော်

### (က) စစ်ဆင်ရေးများ

- ကချင်ပြည်နယ် ဗန်းမော်-မြစ်ကြီးနားလမ်းဘေးရှိ ကျေးရွာများရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းဝင်း၊ ရွာအဝင်အထွက် လမ်းများနှင့် တောင်ယာသွားသည့်လမ်း အနှံ့အပြားကို အစိုးရတပ်များမှ မြေမြှုပ်မိုင်းများ ထောင်ထားသောကြောင်း ဒေသခံများ အခက်ကြုံနေရကြောင်း ဒေသခံများက ပြောသည်။ (BBC 050911) Read More... , Irrawaddy...
- သျှမ်းပြည် တပ်မတော်tm; ထိုးစစ်ဆင်တိုက်ခိုက်နေသည့် မြန်မာစစ်တပ် စစ်ကြောင်းအချို့သည် အကျဉ်းသားများနှင့် ဝတ်စုံချင်းလဲလှယ်၍ ရှေ့တန်းထွက်နေကြောင်း ထွက်ပြေးလွတ်မြောက်လာသည့် အကျဉ်းသားတစ်ဦးက ပြောသည်။ (S.H.A.N 050911) Read More ...

### (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ဩဂုတ်လ ၂၆ ရက်နေ့က ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်နိုင်နှင့် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဇော်လတ် ဦးဆောင်သည့် ခမရ ၅၀၄ စစ်ကြောင်းတို့က သျှမ်းပြည်တော်ပိုင်း ကျေးသီးမြို့နယ် အတွင်းရှိ လယ်သမား (၄) ဦးတို့ကို သျှမ်းသူပုန်နှင့် ဆက်သွယ်သည်ဟု ဆိုကာ ဖမ်းဆီးခေါ်ဆောင် သွားပြီးနောက် ကြံ့ဖွံ့ပါတီ USDP နှင့် SNDP ပါတီတို့ စုပေါင်းအာမခံမှသာ ပြန်လွှတ်ပေးလိုက်ကြောင်း USDP နှင့် နီးစပ်သည့်အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 050911) Read More...
- မကြာသေးခင်က တပ်စခန်းသို့ ပို့က်သွယ်တန်းရန်အတွက် ရွာသားများထံမှ ကျပ်သိန်းချီကောက်ယူသော မိုင်းရယ် အခြေစိုက် ခမရ ၃၂၅ မှ တပ်ဖွဲ့တဖွဲ့က အိမ်ထောင်သည်အမျိုးသမီး နန်းခမ်းလီ အသက် ၃၅ နှစ်ကို လင်ယောကျ်ားရှေ့၌ မုဒိမ်းကျင့်ခဲ့ကြောင်း ဒေသခံရပ်မိရပ်ဖတစ်ဦးက ပြောသည်။ (S.H.A.N 070911) Read More...

### (ဂ) ပြည်သူ့စစ်နှင့်နယ်ခြားစောင့်တပ်ဖွဲ့များ

- ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူရှိ နယ်ခြားစောင့် (BGF) တပ်ဖွဲ့ဝင် ၃၀ ဦးသည် ထိုဒေသတဝိုက်တွင် လှုပ်ရှားနေသည့် ဗိုလ်မှူးစောဘိ ဦးစီးသော DKBA တပ်ဖွဲ့များထံသို့ စက်တင်ဘာ ၆ ရက်နေ့က လာရောက် ပူးပေါင်းခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) တပ်မဟာ (၇) မှူး ဗိုလ်မှူးချုပ်စောဂျော်နီက ပြောသည်။ (KIC 060911) Read More...
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်မြို့နယ် မော့တောင်းအုပ်စု တာလုံရွာတွင် ဦးကိန်မိုင် ခေါင်းဆောင်သည့် မုံးပေါ် ပြည်သူ့စစ်အဖွဲ့က ရွာသား စိုင်းဆမ်း ပိုင်မြေ ၅ ဧကခန့်ရှိ မဲဇလီခြံကို စက်တင်ဘာ ၄ ရက်နေ့က သိမ်းပြီး စခန်းသစ် ဆောက်လုပ်ရန် တပ်စွဲထားသည်ဟု အဆိုပါရွာသားတစ်ဦးက ပြောသည်။ (S.H.A.N 090911) Read More...

## လွှတ်တော်များ

- အမျိုးသားလွှတ်တော်မှ ထာဝရငြိမ်းချမ်းရေး အမြဲတမ်းကော်မတီတရပ် ဖွဲ့စည်းရန်အတွက် အတည်ပြုခဲ့ရာတွင် ၂၀၀၈ ဖွဲ့စည်းပုံပါ ပြဋ္ဌာန်းချက်အရ လွှတ်တော်ကိုယ်စားလှယ်များအားဖြင့်သာ ပါဝင်ဖွဲ့စည်းရမည်ဖြစ်သောကြောင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လွှတ်တော်ပြင်ပမှ အခြားလူပုဂ္ဂိုလ်များ ပါဝင်လာရန် မဖြစ်နိုင်တော့ကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ အေးမောင်က ပြောသည်။ (VOA 050911) Read More...
- ပြည်ထောင်စုလွှတ်တော်ကို စတင်ကျင်းပသည့် စက်တင်ဘာ ၅ ရက် ပထမနေ့တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးမှ တင်သွင်းသည့် အခွန်နှင့်ပတ်သက်သည့် ဥပဒေ ၅ ခုဖြစ်သော အမြတ်ခွန်၊ တံဆိပ်ခေါင်း၊ ကုန်သွယ်ရေးလုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရုံးခွန် ဥပဒေတို့ကို ဖျက်သိမ်းခြင်းနှင့် ပြင်ဆင်မှုများကို ၁ နာရီအတွင်း ဆုံးဖြတ်ခဲ့သည်ဟု မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးဇေသန်းက ပြောသည်။ (DVB 050911) Read More...

- လွှတ်တော်အတွင်း အဆိုများကို မဲခွဲဆုံးဖြတ်သည့်နေရာတွင် လျှို့ဝှက်စက်ခလုတ်နှိပ် ဆန္ဒမဲပေးစနစ်ကို မကျင့်သုံးတော့ဘဲ ပြောင်မဲပေးစနစ်ကို အမြဲတမ်းကျင့်သုံးတော့မည်ဟု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ က သူရ ဦးရွှေမန်းက စက်တင်ဘာ ၅ ရက်နေ့ ကြေညာလိုက်သည်ဟု မြေပုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်အမတ် ဦးဖေသန်းက ပြောသည်။ (DVB 050911) Read More...
- ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၄၀၉) အရ နိုင်ငံရေးပါတီများနှင့်ပတ်သက်သည့် အခန်း (၁၀) ခန်းကို ပြည်ထောင်စု လွှတ်တော်မှ လိုအပ်သလို ပြင်ဆင် ပြဌာန်းရန်ရှိပြီး ယင်းကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်း၌သာ ဖြစ်ရမည်ဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ RNDP ဒေါက်တာအေးမောင်က ပြောသည်။ (RFA 050911) Read More...
- ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှ တင်သွင်းသည့် ရွေးကောက်ပွဲဥပဒေ ပြင်ဆင်ချက်များကို အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီအမတ် ဦးစိုးဝင်းက ကန့်ကွက်သဖြင့် ပြောင်မဲခွဲရာ မဲအပြတ်အသတ်အဖြစ် ထောက်ခံမဲ ၃၁၊ ကြားနေမဲ ၈ နှင့် ကန့်ကွက်မဲ ၃၈၂ မဲဖြင့် ကန့်ကွက်ချက် ရှုံးနိမ့်သွားသည်။ (DVB 060911) Read More...
- အစိုးရသစ် ခေတ်ကာလတွင် ခေတ်စနစ်နှင့် လိုက်လျောညီထွေစွာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်အတွက် ဥပဒေမူကြမ်းအဆင့်ဆင့်အား ရေးဆွဲနေပြီဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စက်တင်ဘာလ ၆ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (EMG 060911) Read More...
- ပြည်သူ့လွှတ်တော်က ဖွဲ့စည်းအတည်ပြုလိုက်သည့် ပြည်ထောင်စုအဆင့်ကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ပေါင်းစပ်ပါက နိုင်ငံတော်တစ်ရပ်လုံးကို လွှမ်းခြုံအကျုံးဝင်သွားမည်ဖြစ်သည်ဟု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး၏ အပိတ်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်သည်။ (EMG 060911) Read More...
- စက်တင်ဘာ ၇ ရက်နေ့တွင် ကျင်းပသေည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် သပိမ်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် အမတ် ဦးသိန်းညွန့်မှ အဆိုတင်သွင်းခဲ့သည့် အလုပ်သမား အခွင့်အရေးဆိုင်ရာ အဆိုနှင့်သတင်း မီဒီယာသမားများ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အဆိုများကို ဆွေးနွေးခဲ့ကြကြောင်း အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။ (RFA 070911) Read More...
- သတင်းမီဒီယာများနှင့်ဆိုင်သည့် ဥပဒေများကို ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲနေပြီး လွှတ်တော်သို့ မကြာခင်တွင် တင်သွင်းမည်ဟု ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက စက်တင်ဘာ ၇ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောဆိုလိုက်သည်။ (DVB 070911) Read More...
- ယခုကျင်းပနေသည့် လွှတ်တော်အစည်းအဝေးများတွင် လွတ်လပ်မှုနှင့် ပြည်သူများ၏ အသံများ ထင်ဟပ်မှုမရှိသလောက် ဖြစ်နေကြောင်း လေ့လာသူများမှ ဝေဖန်ချက်သည် တစိတ်တပိုင်း မှန်ကန်ကြောင်းနှင့် လွှတ်တော်ထဲမှ အဖြစ်မှန်များ၊ ဆွေးနွေးချက် အသံများကိုလည်း ပြည်သူများကြားနိုင်ရန် ပြည်ပအသံလွှင့်ဌာနများကိုသာ အားထားနေရသေးကြောင်း အမျိုးသား လွှတ်တော် အမတ် ဒေါက်တာ အေးမောင်က ဝန်ခံပြောဆိုလိုက်သည်။ (RFA 080911) Read More...
- လွှတ်တော်အစည်းအဝေးများတွင် အစိုးရအဖွဲ့ ဝန်ကြီးများ၏ ပြန်လည်ဖြေဆိုချက်များသည် လိုရာမရောက်ပဲ ဆင်ခြေပေးပြောကြားမှုများ များပြားနေပြီး အထူးသဖြင့် ၎င်းတို့ဝန်ကြီးဌာနများ၏ လုပ်ရပ်များကို ကာကွယ်ဖြေဆိုမှုများသာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ဝေဖန်ပြောဆိုလိုက်ကြသည်။ (DVB 090911) Read More...

အခြားနိုင်ငံရေးပါတီများ

- တအာင်း (ပလောင်) အမျိုးသားပါတီသည် စစ်အုပ်စုမှ သတ်မှတ်ထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ရှမ်းပြည်မြောက်ပိုင်း မန်တုန်မြို့နယ်နှင့် နမ့်ဆန်မြို့နယ်တွင် ၎င်းတို့ရွေးကောက်ပွဲအတွင်း ကတိပေးထားသည့်အတိုင်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ၌ လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်မရှိသည့်အပြင် ပလောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကောင်အထည်ဖော်ခြင်းမပြုနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (Palaungwomen 080911) Read More...
- ၂၀၁၀ ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ တိုင်ကြားခံရသည့် ပေါက်တောမြို့နယ် မဲဆန္ဒနယ်မြေ ရွေးကောက်တင်မြောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံကို ၃ ကြိမ်တိုင် စစ်ဆေးများပြုလုပ်ပြီး ဦးအောင်ကျော်ဇံ ရှုံးနိမ့်ကြောင်း ရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၉ ရက်နေ့က ဆုံးဖြတ်လိုက်သည့်အပေါ် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ RNDP လွှတ်တော်ကိုယ်စားလှယ်များက စုပေါင်းကြေညာချက်ထုတ်ပြန် ဝေဖန်လိုက်သည်။ (DVB 100911) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- မြန်မာနိုင်ငံတွင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တရပ် ဖွဲ့စည်းလိုက်ခြင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ကြိုဆိုလိုက်သော်လည်း ယင်းအဖွဲ့သည် မည်သည့်အတိုင်းအတာအထိ လွတ်လပ်စွာ ဆောင်ရွက်နိုင်မည်ကို သတိထားစောင့်ကြည့်ရန် လိုအပ်သည်ဟု အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ (VOA 080911) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုင်းပြည်ကောင်းစားရေးအတွက် အစိုးရ၏ အသုံးချခံဖြစ်မည်ကို မိမိအနေဖြင့် စိုးရိမ်ပူပန်ခြင်းမရှိကြောင်း လွတ်လပ်သည့်အာရှအသံ RFA မှ ထုတ်လွှင့်နေသည့် လူထုနှင့်ဒေါ်အောင်ဆန်းစုကြည် အစီအစဉ်တွင် ပြောဆိုလိုက်သည်။ (RFA 080911) Read More...

### (ခ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- မြန်မာပြည်ငြိမ်းချမ်းရေး၊ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးအတွက် ရည်ရွယ်ပြီး မေတ္တာပို့ ဆုတောင်းပွဲတရပ်ကို နိုင်ငံရေးအကျဉ်းသား မိသားစု အကျိုးဆောင်ကွန်ရက်အဖွဲ့၊ အင်္ဂါမိသားစု ဆုတောင်းအဖွဲ့၊ ၈၈ ကျောင်းသားအဖွဲ့နှင့် အခြားအဖွဲ့အစည်းများ အပြင် ကျောင်းသားနှင့် ပြည်သူလူထုများ ပါဝင်ပူပေါင်းပြီး စက်တင်ဘာ ၄ ရက်နေ့ နေ့လည် ၁ နာရီခန့်တွင် ရွှေတိဂုံဘုရားရင်ပြင်တော်၌ ကျင်းပခဲ့သည်ဟု နိုင်ငံရေးအကျဉ်းသား မိသားစုကွန်ရက်မှ မခင်မိမိခိုင်က ပြောသည်။ (RFA 040911) Read More...
- အစိုးရမှ မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်မည့် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အစိုးရမှ ဖွဲ့စည်းပေးခဲ့သည့် ယခင်အဖွဲ့အစည်းများနည်းတူ အစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို အကာအကွယ်ပေးမည့် အဖွဲ့အစည်းဖြစ်မည်ကို စိုးရိမ်မိကြောင်း HRDP လူ့အခွင့်အရေး ကာကွယ် မြှင့်တင်သူများကွန်ရက် အကြီးအကဲ ဦးမောင်မောင်လေးက ပြောသည်။ (RFA 060911) Read More...
- ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ဒီမိုကရေစီ အင်အားစုများ၊ တိုင်းရင်းသားများနှင့် အစိုးရတို့ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး ပေါ်ပေါက်လာရန်အတွက် နိုင်ငံရေးအကျဉ်းသား မိသားစုများ အကျိုးဆောင်ကွန်ရက်က စက်တင်ဘာ ၉ ရက်နေ့က ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်ကြောင်း အဖွဲ့ပြန်ကြားရေးတာဝန်ခံ မခင်မိမိခိုင်က ပြောသည်။ (RFA 100911) Read More...

### (ဂ) မီဒီယာ

- ဒေါ်အောင်ဆန်းစုကြည်၏ အင်တာဗျူး မျက်နှာဖုံးအဖြစ် ဖော်ပြခဲ့သည့် Messenger News Journal ဂျာနယ်ကို မကြာသေးခင်ကမှ အသစ်ပြဌာန်းလိုက်သည့် ပုံနှိပ်ထုတ်ဝေရေး နည်းဥပဒေများနှင့် ငြိစွန်းသည့်အကြောင်းပြချက်ဖြင့် စာပေစီစစ်ရေးက နောက်ဆက်တွဲသတင်းတင်ပြခွင့်နှင့် နောက်ဆုံးရသတင်းများ မျက်နှာဖုံး ဖော်ပြခွင့်များကို သီတင်းတစ်ပတ်အဖြစ် ပိတ်ပင်လိုက်ကြောင်း Messenger ဂျာနယ်၏ အယ်ဒီတာတစ်ဦးက ပြောသည်။ (DVB 070911) Read More...

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ဂ ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် UWSA တွင် အမေရိကန်လုပ် မြေပြင်မှ ဝေဟင်ပစ် ဒုံးလက်နက် ၃ဂ ထက် မနည်း ပိုင်ဆိုင်ထားသဖြင့် အစိုးရစစ်တပ်က တိုက်ခိုက်လာလျှင် မူစရာမလိုဘဲ အသာစီးရမည်ဟု အဖွဲ့တာဝန်ခံတစ်ဦး၏ ပြောဆိုမှုကို ဝီကီလိ (wikileaks) အင်တာနက်စာမျက်နှာတွင် စက်တင်ဘာ ၂ ရက်နေ့က ဖော်ပြခဲ့သည့် လျှို့ဝှက်ကြေးနန်း စာတစောင်တွင် ရေးသားထားသည်။ (Irrawaddy 050911) Read More ...
- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO အဖွဲ့ ထိပ်တန်းခေါင်းဆောင်များ၏ လိုင်ဇာမြို့ဌာနချုပ် အစည်းအဝေးအတွင်း အချင်းများရာက ပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု အစိုးရအာဘော် သတင်းစာရေးသားမှုသည် လုပ်ကြံမှုသာဖြစ်ကြောင်း KIO ဒုစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောသည်။ (Mizzima 060911) Read More..., Irrawaddy...

- ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA တပ်အချို့မှ နယ်ခြားစောင့်တပ် အသွင်ပြောင်းသွားပြီးနောက် နယ်ခြားစောင့်တပ်ကို လက်မခံသည် DKBA အဖြစ်နှင့် အစိုးရကို ဆက်လက်တိုက်ခိုက်နေသည့် တပ်ဖွဲ့ဝင်များပူပေါင်း၍ ရှေ့လုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် စက်တင်ဘာ ၅ ရက်နေ့တွင် ပြည်လည်ပြင်ဆင်ဖွဲ့စည်း လိုက်သည်။ (BBC 060911) Read More...
- အစိုးရသစ်က အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ကိစ္စရပ်များကို လွှတ်တော်အတွင်း ဆွေးနွေးနေသော်လည်း စစ်မှန်သည့် ငြိမ်းချမ်းရေး ပေါ်ပေါက်လာမည်မဟုတ်ဟု သံသယ ဖြစ်မိကြောင်း ရှမ်းပြည်တပ်မတော် မြောက်ပိုင်း ခေါ် ရှမ်းပြည်တိုးတက်ရေး ပါတီ SSA/SSPP တပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူး စိုင်းလက ပြောသည်။ (NMG 070911) Read More...
- ကချင်လွတ်လပ်ရေး အဖွဲ့ (KIO) နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ မအောင်မြင်ရခြင်းသည် KIO ၏ တဖက်သတ် တောင်းဆိုမှု များကြောင့် ဖြစ်သည်ဟု ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက စက်တင်ဘာလ ၆ ရက်နေ့က ပြောဆိုလိုက်သည့်အပေါ် KIO တွဲဘက် အထွေထွေ အတွင်းရေးမှူး ဦးလနန်က "အစွမ်းကုန် လိုက်လျောပေးတယ် ဆိုတာက ဘာကိုပြောတာလဲ ဆိုတာ သေချာ မသိဘူး၊ အဲဒီလိုပြောမယ် ဆိုရင် အချက်အလက်တွေကို အစိုးရအနေနဲ့ တိတိကျကျ ဖော်ပြပြီးတော့မှ ပြောစေချင်တယ်" ဟု တုံ့ပြန်လိုက်သည်။ (Irrawaddy 070911) Read More...
- စက်တင်ဘာ ၆ ရက်က ချင်ပြည်နယ် လိုင်ဇာ-ဗန်းမော်လမ်းပိုင်း လွယ်မောက်ယန်ကျေးရွာအနီး မြန်မာအစိုးရစစ်တပ်နှင့် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) ကြား တိုက်ပွဲဖြစ်ခဲ့ရာ မြန်မာစစ်သား ၂ ဦးသေဆုံးကာ ၃ ဦးဒဏ်ရာရရှိကြောင်း ဒေသခံများပြောသည်။ (KNG 070911) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA ၏ ခြိမ်းခြောက်မှုကြောင့် မြန်မာစစ်တပ်နှင့်အတူ လိုက်ပါလမ်းပြသော လားရှိုး ဟန်နား ပြည်သူ့စစ်တပ်ဖွဲ့ဝင်တစ်ဦး အပြင်းအထန်ဒဏ်ရာရကာ ရန်ကန်မင်္ဂလာဒုံ စစ်ဆေးရုံသို့ ပို့ဆောင်ကုသခံနေရသည်ဟု သျှမ်းပြည် တပ်မတော်အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 070911) Read More ...
- အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်ပေါင်းစု သျှမ်းပြည်အရှေ့ပိုင် NDAA-ESS မိုင်းလားတပ်ဖွဲ့ ကိုယ်စားလှယ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီ ဥက္ကဋ္ဌ တို့ ကျိုင်းတုံ၌ တွေ့ဆုံဆွေးနွေးရန် အစိုးရဖက်က နစ်ဖက်ပစ်ခတ်မှု မရှိစေရေး အပါအဝင် အချက် ၅ ချက်ကို ညှိနှိုင်းခဲ့သည်ဟု ကျိုင်းတုံအာဏာပိုင်နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 080911) Read More...
- လက်ရှိ အခြေအနေအတိုင်း အပစ်အခတ် ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားရန် "ဝ" ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် UWSA နှင့် တွေ့ဆုံခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP မှ အစိုးရ ထိပ်တန်းကိုယ်စား လှယ် ၂ ဦးတို့နှင့် ဆွေးနွေးပြီး ပဋိပက္ခဖြစ်မည့် အကြောင်းပွားဖွယ်အချက်များကို ရှောင်ရန်စသည့်အချက်များကို ဆွေးနွေးကြောင်း UWSA မှ အရာရှိတစ်ဦးက ပြောသည်။ (Irrawaddy 080911) Read More..., NMG...
- ၆ ရက်အတွင်း၊ ယခုလ စက်တင်ဘာ ၁ ရက်မှ ၆ ရက်ထိ ကချင်ပြည်နယ်တွင် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA)နှင့် ဖြစ်သော စစ်ပွဲများတွင် မြန်မာအစိုးရ စစ်သား ၂၅ ဦးကျော် ကျဆုံးခဲ့ကြောင်း KIA အရာရှိများ ပြောသည်။ (KNG 080911) Read More...
- အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်ပေါင်းစု သျှမ်းပြည်အရှေ့ပိုင်း NDAA–ESS၊ ဝပြည်သွေးစည်း ညီညွတ်ရေး ပါတီ UWSP တို့တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီ ဥက္ကဋ္ဌ နှင့် တွေ့ဆုံသည့်နေ့၌ပင် ဆွေးနွေးအကြံပြု ချက်များကို နှစ်ဦးနှစ်ဖက်သဘောတူလက်မှတ်ရေးထိုးကြောင်း မိုင်းလားအရာ ရှိတစ်ဦးက ပြောသည်။ (S.H.A.N 090911) Read More...

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- အစိုးရသစ် တက်လာပြီးနောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်တရပ် ဖွဲ့စည်းလိုက်ခြင်းကို မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ တိုမာ့စ် အိုဟေး ကင်တားနားက သတိနှင့်ကြိုဆိုလိုက်ပြီး ကြုံတွေ့နေရ သည့်ပြဿနာများကို မည်သည့်အတိုင်းအတာအထိ ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်မည်ကို စောင့်ကြည့်ရမည်ဟု ပြောဆိုလိုက်သည်။ (VOA 060911) Read More..., RFA...

- မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး ကော်မရှင်တရပ် ဖွဲ့စည်းရေးကိစ္စကို ဥရောပသမဂ္ဂ EU မှ စက်တင်ဘာ ၆ ရက်နေ့က ပြုလုပ်သည့် ဆွေးနွေးမှုများအတွင် သဘောထား ကွဲလွဲမှုများရှိကြောင်း ယင်းဆွေးနွေးပွဲကို တက်ရောက်ခဲ့သူ Burma Campaign UK မှ မဇိုရာဖန်းက ပြောသည်။ (VOA 060911) Read More...
- မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း အစိုးရ အပြောင်းအလဲ ဖြစ်လာခြင်းသည် နိုင်ငံအတွင်း ပိုမိုပြည့်စုံသည့် အမျိုးသားရေးဆိုင်ရာ ပြောဆိုဆွေးနွေးမှုများ ဖြစ်ပေါ်လာရန် အခွင့်အလမ်းများ ဖန်တီးနေခြင်းဖြစ်သော်လည်း ယင်းအပြောင်းအလဲ အမှန်တကယ်ဖြစ်လာရေးကို ပြောဆိုရန် အလွန်စောနေသေးကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း (Mr. Ban Ki-moon) က ပြောဆိုလိုက်သည်။ (VOA 070911) Read More...
- ဥရောပသမဂ္ဂ EU ရဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မဟာမင်းကြီး Ms Karistalina Georgia ခရစ္စတလီးနား ဂျော်ဂျီယာနှင့်အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်နှင့် စက်တင်ဘာ ၉ ရက်နေ့က မိနစ် ၄၀ ကြာ သီးခြားတွေ့ဆုံခဲ့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟံသာမြင့်က ပြောသည်။ (RFA 100911) Read More...

## (ခ) အစိုးရ

- မြန်မာနိုင်ငံတွင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ကို နိုင်ငံအတွက် မည်သည့်အန္တရာယ်မှ မရှိသည့်အတွက် ချက်ချင်းလွှတ်ပေးရန် သမ္မတ ဦးသိန်းစိန်ဆီကို အိန္ဒိယ လွှတ်တော်အမတ် ၁၀၀ ကျော်က လက်မှတ်ရေးထိုး တောင်းဆိုလိုက်သည်ဟု  အဖွဲ့ညှိနှိုင်းရေးမှူး ဒေါ်သင်းသင်းအောင်က ပြောသည်။ (VOA 050911) Read More...
- မြန်မာနိုင်ငံအတွင်း ပြောင်းလဲလာသည့် ခြေလှမ်းအချို့ကို တွေ့မြင်နေရပြီးဖြစ်ကြောင်းနှင့် ယင်းအပြောင်းအလဲနှင့်ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် ခရီးစဉ်အဖြစ် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်းစားလှယ် ဒဲရက်ခ် မစ်ချဲလ်မှ မြန်မာနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ် ကမ့်ပ်ဘဲလ်က စတက်ဘာ ၇ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (VOA 070911) Read More..., RFA...
- မြန်မာအစိုးရအနေဖြင့် စစ်မှန်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးများလုပ်ဆောင်ရန် မြန်မာနိုင်ငံကို ရောက်ရှိနေသည့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရက်ခ် မစ်ချဲလ်က စက်တင်ဘာ ၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားလိုက်သည်။ (DVB 090911) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် Crimes against humanity ခေါ် လူသားထုအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကို ကုလသမဂ္ဂမှ ဦးဆောင်သည့်စုံစမ်းစစ်ဆေးရေးကော်မရှင် COI ဖွဲ့စည်းရေးကို ဥရောပသမဂ္ဂ EU အနေဖြင့် ထောက်ခံသင့်ကြောင်း Amnesty International နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့ကြီးက ဝေဖန်ထောက်ပြလိုက်သည်။ (BBC 060911) Read More...
- မြန်မာနိုင်ငံတွင် အပြောင်းအလဲအချို့ရှိနေသော်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ အထူးသဖြင့် စစ်ပွဲများအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ မတရားပြုမှုများ ဆက်လက်ရှိနေသောကြောင့် နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းနိုင်ရေးကို အမေရိကန်အစိုးရအနေဖြင့် ဖိဖိစီးစီး ဆောင်ရွက်ပေးရန် အမျိုးသမီးနိုဘဲလ် ငြိမ်းချမ်းရေး ဆုရှင် ၅ ဦးက စုပေါင်းတောင်းဆိုလိုက်သည်။ (VOA 070911) Read More...
- မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် (Derek Mitchell) ဒဲရက်ခ် မစ်ချဲလ်၏ မြန်မာနိုင်ငံခရီးစဉ်သည် အချိန်ကောင်းဖြစ်ပြီး အမေရိကန် အစိုးရ၏ မြန်မာနိုင်ငံအပေါ် ရပ်တည်ချက်သဘောထားများကို ပြတ်ပြတ်သားသား ပြောဆိုတင်ပြရန် လိုအပ်သည်ဟု နယူးယောက် အခြေစိုက် HRW လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့ကြီးက တောင်းဆိုလိုက်သည်။ (VOA 080911) Read More...

---

***End of report/ Saturday, September 10, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---